အနောက်ဂန့်ဂေါကျေးရွာအုပ်စု

အနောက်ဂန့်ဂေါကျေးရွာ၊ဂန့်ဂေါမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၁-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အနောက်ဂန့်ဂေါကျေးရွာ၊ဂန့်ဂေါမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

မာတိကာ

ကျေးဇူးတင်လွှာ

စကားချီး

အနောက်ဂန့်ဂေါကျေးရွာသယံဇာတပြမြေပုံ၊ဂန့်ဂေါမြို့နယ်

အနောက်ဂန့်ဂေါကျေးရွာ ရာသီခွင်ပြဇယား

အနောက်ဂန့်ဂေါကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း –ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့် အဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား–မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈-၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်းနောက်ဆက်တွဲ

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးပြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှာခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်

ဇယား ၁၀ ထိခိုက်သက်ရောက်နိုင်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်အဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် ရေသွင်းဇရိယာ

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာ ပိုင်ဆိုင်မှု

(၅) သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

(၆) သီးနှံထုတ်လုပ်မှု ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင် သွားလာမှုဖြစ်ပေါ်လာပုံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား–မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အပံ့အကူအညီများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ကိုးကားစာရင်း

ကျေးဇူးတင်လွှာ

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ(၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ရှေးဦးစွာ စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသော ကျေးရွာသူ-ကျေးရွာသားများ အားလုံးကို လည်းအထူး ကျေးဇူးတင်ရှိပါသည်။

စကားချီး

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက် အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုး ရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကိုမြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာ သေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက် သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှု များဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင် ပါသည်။

ဇူလိုင်လ၊၂၀၂၁

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ


အနောက်ဂန့်ဂေါကျေးရွာ၊ဂန့်ဂေါမြို့

အနောက်ဂန့်ဂေါကျေးရွာသယံဇာတပြန်လည်ပို



အနောက်ဂန့်ဂေါကျေးရွာ ရာသီခွင်ပြဇယား

အနောက်ဂန့်ဂေါကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENNDIAGRAN)



အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်

ငင်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ငင်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ငင်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါ သည်။

(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင်း ကျေးရွာလူထုဦးဆောင်ပါဝင် သော လုပ်ကိုင်နည်းဖြင့် စုပေါင်း ရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ် အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေးကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်ပါ၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း ပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ် သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီ အစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဂန့်ဂေါမြို့နှင့် (၂)မိုင်ကျော် ကွာဝေးပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ဂန့်ဂေါမြို့နယ်နှင့် ဆက်သွယ်သွားလာရန် လွယ်ကူပါသည်။ ကျေးရွာသည်မြေပြန့် လွင်ပြင်ဒေသတွင် တည်ရှိပြီးအဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ ထွန်းယက်စိုက်ပျိုးနိုင်သည့် ယာမြေကော (၆၂၃)ကေရှိပြီး နှမ်း၊ မြေပဲနှင့် ရာသီပေါ် ဟင်းသီး ဟင်းရွက်များစိုက်ပျိုး၍ ရောင်းချ စားသောက် ကြပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၉၈)စုနှင့် ကျား(၈၀၄)၊ မ(၉၇၂)ဦးဖြင့် လူဦးရေပေါင်း (**၁၇၇၆**)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ(၅)ဦးထက်လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူဦးရေ အများဆုံး နေထိုင်ပြီး ချင်းတိုင်း ရင်းသားလူမျိုးများလည်းနေထိုင်ပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏ ၇၄% ခန့် ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ် နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုမိုများသည်။ အမျိုးသမီးများ အတွက် အိမ်တွင်းမှု လုပ်ငန်းများ သင်တန်းပို့ချ၍ တနိုင်တပိုင်လုပ်ငန်းများ ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ကျန်းမားရေးနှင့်အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးသင့်တင့်သော အာဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။မြို့နှင့်နီးသောကြောင့် ကျန်းမားရေးစောင့်ရှောက်မှု လွယ်ကူအဆင်ပြေပါသည်။ အများအားဖြင့် သက်ကြီးပိုင်း အမျိုးသမီး အမျိုသားများတွင် သွေးတိုးဆီးချိုနှင့် ဒူးနာ၊ခါးနာဖြစ်သူများ ရှိပါသည်။ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ရွေးချယ်စားသောက်တက်မှု အားနည်းသည်ဟုထင်မြင်မိပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းမှု အသိအမြင်များတော့ ရှိကြပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် **ရေတွင်း(အဝိစိတွင်း)** ရေကို သုံးစွဲကြပါသည်။ တစ်ခါတစ်ရံဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှု အနည်းငယ်သာတွေ့ရပါသည်။

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာရှိပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသူ/ သား အများစုလိုလို အရေးအဖက်ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် အလယ်တန်း ကျောင်း(၌) ရှိပြီး ကျောင်းဆရာ/ဆရာမအင်အား လုံလောက်မှုပါသည်။ အထက်တန်း ပညာပြီး မြောက်သူများ

တက္ကသိုလ်ပညာပြီးမြောက်သူများ အတော်အသင့်ရှိပြီးဖြစ်၍ ဒေသတွင်းစိုက်ပျိုးရေးမှ ရရှိသော သီးနှံများနှင့် သဘာဝထွက်သီးနှံများကို ကုန်ချောအဖြစ် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာနှင့် အရင်းအနှီးပံ့ပိုးပေးနိုင်လျှင် ကျေးရွာ၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာနိုင်ပါသည်။

(ဃ) ကျား-မရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားမအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန် အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင်အလယ်တန်း၊ အထက်တန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားခ သဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းပြီးရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင် ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့၊စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့တို့ ရှိပါသည်။ အဖွဲ့အစည်းများအားလုံး စွမ်းဆောင်နိုင်မှု ကောင်းမွန်ပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားချိတ်ဆက်ဆောင်ရွက်မှုအသင့်အတင့်ကောင်းမွန်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာတွင်ပဲနမ်းကို အဓိကထားစိုက်ပျိုးကြသည်။ ပဲနမ်း စိုက်ဧက (၆၂၃)ဧက ရှိပါသည်။ ပဲပျိမ်းမျှအထွက်နှုန်းမှာ(၁၅)တင်းနှင့်နှမ်းပျိမ်းမျှအထွက်နှုန်း(၁၀)တင်း ထွက်ရှိကြသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်း ခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်း ပြဿနာများကိုရင်ဆိုင်ရသည်။ ကုန်ကျစရိတ် မြှင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန် နည်းစနစ်များလိုအပ်နေကြသည်။

နှစ်စဉ်စိုက်ပျိုးရေးတွင် ပိုးမွှားဖျက်ဆီးများခြင်းက ပြဿနာ တစ်ရပ်ဖြစ်သည်။ ဒေသထွက် မျိုးရင်းများဖြစ်သော ဝက်၊ ကြက်တို့ကိုသာ မွေးမြူကြသည်။ရာသီအလိုက်ဖြစ်တက်သော ရောဂါများကြောင့် သေဆုံးပျက်ဆီးမှုများရှိသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောဆန်စက်လုပ်ငန်းလုပ်ကိုင်သူရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊ ခေါင်းရွက်ဗျပ်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ အစိုးရ ဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကိုတတ်မြောက်ခြင်းတက်မြောက်မှု နည်းပါးခြင်း၊ ကျေးရွာတွင် ကုန်ကြမ်းရရှိနိုင်မှု နည်းပါးခြင်းတို့ကြောင့် အခွင့်အလမ်းများ နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားခြင်းက ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့် အခြား သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှု လျော့နည်းပြီး မြေဆီလွှာအရည်အသွေး ကျဆင်းမှုမရှိသေးပါ။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း (၇.၅)ကျပ်ပြားနှုန်းဖြင့် တစ်ကေ(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧကအတွက် ပုံစံ(၇)ဖြင့်ချေးယူနိုင်ကြသည်။ တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှမိတ်ဆွေ၊ မိသားစုထံမှချေးယူကြပါသည်။ကျေးရွာတွင် ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားရှိပါသည်။

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သောက်သုံးရေအတွက် ရေတွင်းများမှ ရရှိပြီး လုံလောက်မှုအသင့်အတင့်သာ ရှိပါသည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ ထိုကြောင့် ယင်ကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူ နိုင်သည့်နေရာ သီးသန့် မရှိသေးပါ။ အခြားအားကစားဆိုင်ရာ ဘောလုံးကွင်းစနစ်တကျ တည်ဆောက်ရန် လိုအပ်နေပါသေးသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များ တွင်လည်း စိတ်ပါဝင်စားစွာဆင်နွှဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ပါဝင် ဆောင်ရွက်ကြ ပါသည်။

(ဇ) အခြေခံအဆောက်အဦး –လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ရွာတွင်းရှိလမ်းများမှာမြေသားလမ်းများဖြစ်ပါသည်။ ကျေးရွာတွင်လျှပ်စစ်မီးကို အသုံးပြုနိုင် ကြပါသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီစွာ အသုံးပြုနေကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝင်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင် ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိ သေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုလျက်ရှိပါသည်။ လူငယ်ပညာတက်များရှိပြီး လူဦးရေအားလုံး၏(၇၄)ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်ကြသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်း

သင်တန်းများကို လူငယ်များအားလေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာစေနိုင်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး မြို့နှင့်နီး၍ ဂန့်ဂေါမြို့သို့ သွားရောက်ပြသကြရသောကြောင့် ကျန်းမာရေးဆိုင်ရာ ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်း မီနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်များ အနေတွင် လယ်မြေများသည် ကုန်းစောင်းနှင့်မြေပြန်များတွင် ရှိကြပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင်သည်။ ဒေသထွက်ကုန်များ ပို့ဆောင်ခြင်း၊သာရေး၊ နာရေး၊လူမှုရေးကိစ္စများအတွက် ကုန်းလမ်းခရီးကိုသာ အသုံးပြုကြပါသည်။ ကျေးရွာသည် ဂန့်ဂေါမြို့သို့ ကားလမ်ခရီးဖြင့်ကူးသန်းသွားလာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေပါသည်။ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။ အင်တာနက်အသုံးပြုမှုမှာလည်းကောင်းမွန်ပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျေးရွာလူထုအားလုံး ပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးကောင်းမွန်သော စျေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

(က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် နှမ်းနှင့်ပဲ ကို စိုက်ပျိုးကြပါသည်။ သီးနှံဖျက်ပိုးအန္တရာယ်နှိမ်နှင်းရေး ဝန်ဆောင်မှုများလည်း လိုအပ်ပါသည်။ သီးနှံများကို စျေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ခြင်းကြောင့် တောင်သူများ အရှုံးနှင့် ရင်ဆိုင်ရပါသည်။ စျေးကွက်ကောင်းကောင်းနှင့် စနစ်တကျခေတ်မီ စိုက်ပျိုးနည်းများ ဖော်ဆောင်ပေးပါက ဒေသတွင်းနှင့် ဒေသအပြင်သို့ ထုတ်လုပ်ရောင်းချနိုင်သည့် အဆင့်သို့ မလွဲမကန် ရောက်ရှိလာမည်ဟု ယုံကြည်ကြပါသည်။

(ခ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရရှိပါမည်။ သို့သော်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ စျေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ အသေးစားထုတ်ကုန်လုပ်ငန်းများ အတွက် ဥယျာဉ်၊ခြံမြေများ တိုးချဲ့စိုက်ပျိုးပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး စားသောက်ကုန် ထုတ်လုပ်နည်းများ ထုပ်ပိုးနည်း၊ ဖြန့်ဝေနည်း၊အရင်းအနှီးများ ပံ့ပိုးပေးရန် မြို့နယ်မှ စီမံကြီးကြပ်၍ ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်သင့်ပါသည်။

(ဂ) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ ဂန့်ဂေါမြို့နှင့်နီးသောကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူပါသည်။

၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်း ဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ် ဦးစားပေး တန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များ အတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထိုကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်းနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထု မှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစား ပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများ ထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်(အနောက်ဂန့်ဂေါကျေးရွာ)

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ရွာတွင်းလမ်းမြေနီခင်းခြင်း	၁	✓				
၂	မြေထိန်းနံရံတည်ဆောက်ခြင်း	၂		✓			
၃	အမြင့်တင်ရေစင်နှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း	၃			✓		
၄	စာသင်ကျောင်းခြံစည်းရိုးရရှိရေးစီမံချက်	၄			✓		
၅	အားကစားကွင်းတည်ဆောက်ခြင်း	၅			✓	✓	
၆	စာကြည့်တိုက်အတင့်မြှင့်တင်ခြင်း	၆				✓	
၇	အုပ်ချုပ်ရေးမှူးရုံး လိုအပ်ခြင်း	၇				✓	✓

ဦးစားပေးစီမံချက်များ(အနောက်ဂန့်ဂေါကျေးရွာ)

ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အဦ ကဏ္ဍ	၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း	၁၀၀	၁	ရွာတွင်းလမ်းမြေနီခင်းခြင်း	
	၂။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း	၈၇	၂	မြေထိန်းနံရံတည်ဆောက်ခြင်း	
	၃။အခြေခံအဆောက်အဦကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်	၄၇	၇	ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပြုပြင်မွမ်းမံခြင်း	
	၄။အခြေခံအဆောက်အဦကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်	၅၀	၆	စာကြည့်တိုက်အဆင့်မြှင့်တင်ရေးစီမံချက်	
ရေရှရှိရေး	၁။ကျေးရွာသန့်ရှင်းသောက်သုံးရေရရှိလာစေရန်	၈၀	၄	အမြင့်တင်ရေစင်နှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း	
ပညာရေး	၁။ကျေးရွာပညာရေးကဏ္ဍတိုးတက်ကောင်းမွန်လာစေရန်	၇၇	၄	စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း	
လူငယ်	၁။ကျေးရွာလူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်	၅၅	၅	အားကစားကွင်းတည်ဆောက်ခြင်း	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(အနောက်ဂန့်ဂေါကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ကျေးရွာအဆောက်အဦကဏ္ဍ					
	● မိုးရာသီသွားလာရေးခက်ခဲခြင်း	● လမ်းများပေါက်ပြဲပျက်စီးနေခြင်း	● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း ● ကျေးရွာမှ ထည်ဝင်ငွေ အချို့ရှိခြင်း	● ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသော ကြောင့်ငွေကြေးမတတ်နိုင် ခြင်း	● ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း	● ရွာတွင်းလမ်းမြေနီခင်း ခြင်း
	● ကမ်းပါးပြိုကျမှု ခြင်း၊	● မြေထိန်းနံရံ တိုးချဲ့တည်ဆောက် ရန် လိုအပ်ခြင်း	● ကမ်းပါးပြိုကျမှု သက်သာလာနိုင်ခြင်း	● ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမလုံလောက်ခြင်း	● သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ခြင်း	● မြေထိန်းနံရံတိုးချဲ့ တည်ဆောက်ခြင်း

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(အနောက်ဂန့်ဂေါကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ကျေးရွာအဆောက်အဦကဏ္ဍ					
	● ကျေးရွာဆိုင်ရာ အချက်အလက်များ နှင့်စာရင်းဇယားများ ထားရှိရန်အခက်အခဲ ရှိခြင်း	● ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ယိုယွင်း ပျက်ဆီးနေခြင်း	● ကျေးရွာအုပ်ချုပ်ရေးမှူးရုံးပြုပြင်ခြင်းဖြင့် ကျေးရွာဆိုင်ရာအချက်အလက်များနှင့်စာရင်းဇယားများထားရှိရန် အဆင်ပြေလာနိုင်ခြင်း	● ငွေကြေးမတက်နိုင်ခြင်း	● သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း	● ကျေးရွာအုပ်ချုပ်ရေးမှူးရုံး မွမ်းမံတည်ဆောက်ခြင်း
	● ကျေးရွာတွင် အသိပညာဗဟုသုတများ အားနည်းခြင်း	● စာကြည့်တိုက်မရှိခြင်း	● စာကြည့်တိုက်ရရှိခြင်း ကျေးရွာတွင် အသိပညာဗဟုသုတများကြွယ်ဝလာနိုင်ခြင်း	● ငွေကြေးမလုံလောက်ခြင်း	● ပြင်ပအလှူရှင်အထောက်အပံ့ပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း	● ကျေးရွာစာကြည့်တိုက် ဖြစ်မြောက်ရေး စီမံချက်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(အနောက်ဂန့်ဂေါကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂။	ရေရရှိရေးကဏ္ဍ					
	● ကျေးရွာတွင်းသောက်သုံးရေ အခက်အခဲရှိခြင်း	● အမြင့်တင်ရေစင်နှင့်ရေပိုက်လိုင်း မသွယ်တန်းရသေးခြင်း	● အမြင့်တင်ရေစင်နှင့် ရေပိုက်လိုင်းရရှိခြင်းဖြင့် အချိန်ကုန်သက်သာ၍ တခြားလုပ်ငန်းများတွင် ပိုမိုလုပ်ကိုင်လာနိုင်ခြင်း	● ငွေကြေးမတက်နိုင်ခြင်း	● သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ခြင်း	● အမြင့်တင်ရေစင်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း စီမံချက်
၃။	ပညာရေးကဏ္ဍ					
	● ကျောင်းသားများ အန္တရာယ်အတွက် စိုးရိမ်ရခြင်း	● စာသင်ကျောင်း ခြံစည်းရိုးအကာအရံ မရှိခြင်း	● စာသင်ကျောင်းခြံစည်းရိုး ကာရံနိုင်ပါက ကျောင်းသား/ ကျောင်းသူများအတွက် လုံခြုံစိတ်ချရခြင်း	● အဆက်အသွယ်ကောင်းများ မရှာဖွေတက်ခြင်း	● အလှူရှင်များသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	● စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်း
၄။	လူငယ်ကဏ္ဍ					
	● လူငယ်များအပန်းဖြေ အနားယူနိုင်ဂုန် အားကစားကွင်း မရှိခြင်း	● အားကစားကွင်း လိုအပ်ခြင်း	● အားကစားကွင်းတည် ဆောက်ရန် မြေနေရာရှိခြင်း		● အားကစားကွင်း၊အားကစား ပစ္စည်းများရရှိနိုင်ရန် အလှူရှင်များရှာဖွေခြင်း	● အားကစားကွင်း လိုအပ်ခြင်း

နောက်ဆက်တွဲ(၂)

အနောက်ဂန့်ဂေါကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	ရာထူး	အသက်	ပညာအရည်အချင်း	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမြတ်သူ	ဦး:အောင်သာ	၈/ဂဂန(နိုင်)၀၀၈၁၇၂	ဥက္ကဋ္ဌ	၄၈	၉ တန်းအောင်	09-256451364	
၂	ဦးစေနိုင်ထွန်းဦး	ဦးအေးဆွေ	၈/ဂဂန(နိုင်)၀၉၉ဖ၈ဖ	ဘဏ္ဍာရေးမှူး	၄၄	၁၀ တန်း	09-400474872	
၃	ဦးလွမ်းကြည်	ဦး:ဘချမ်း	၈/ဂဂန(နိုင်)၀၀၃၈၇	စာရင်းကိုင်	၅၇	၁၀ တန်းအောင်	09-256454329	
၄	ဦးဇော်အောင်	ဦးခင်ညွန့်	၈/ဂဂန(နိုင်)၀၀၈၀၁၄	ဝယ်ယူရေး/ဥက္ကဋ္ဌ	၅၂	၉ တန်းအောင်	09-256241759	
၅	ဦး:အောင်လွင်	ဦးလူနိုင်	၈/ဂဂန(နိုင်)၀၀၈၀၁၉	အဖွဲ့ဝင်	၆၀	၉ တန်းအောင်	09-400229220	
၆	ဦးအောင်နိုင်စိုး	ဦးခင်မောင်ငယ်	၈/ဂဂန(နိုင်)၀၅၉ဖ၈ဖ	အဖွဲ့ဝင်	၄၂	ဘွဲ့ရ	09-401531953	
၇	ဦးကျော်ကျော်လင်း	ဦးညွန့်တင်	၈/ဂဂန(နိုင်)၀၃ဖ၄၇၃	အဖွဲ့ဝင်	၄ဖ	၉ တန်းအောင်	09-400200123	
၈	ဦးမင်းဆွေ	ဦးရဌေး	၈/ဂဂန(နိုင်)၀၀၇၈၇၉	အဖွဲ့ဝင်	၅၈	၆ တန်း	09-890339841	
၉	ဒေါ်မေသံလွင်	ဦးမောင်မောင်	၈/ဂဂန(နိုင်)၀၀၈၄၁၉	အဖွဲ့ဝင်	၅၄	ဘွဲ့ရ	09-256476474	
၁၀	ဒေါ်အေးအေးပိုင်	ဦးပြုံးချို	၈/ဂဂန(နိုင်)၀၀၀၁၈၄	အဖွဲ့ဝင်	၄၉	ဘွဲ့ရ	09-440229736	
၁၁	ဦးကျော်အေး	ဦးဘိုတင်	၈/မထန(နိုင်)	အတွင်းရေးမှူး	၆၁	၁၀ တန်းအောင်	09-895277805	

အပိုင်း(၃)

ကျေးရွာဆိုင်ရာအချက်အလတ်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ

ကျေးရွာ	– အနောက်ဂန့်ဂေါ
ကျေးရွာအုပ်စု	– အနောက်ဂန့်ဂေါ
မြို့နယ်	– ဂန့်ဂေါ
တိုင်းဒေသကြီး / ပြည်နယ်	– မကွေးတိုင်းဒေသကြီး

စီမံချက်အမည် – ကျေးရွာတွင်းလမ်း ခင်းခြင်း(၅၆၀၀'×၁၂' x ၉")

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ယခုလက်ရှိ လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။
- ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။
- ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊
- ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- မြေနီလမ်းဆောင်ရွက်ပြီးနောက် ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။
- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီး နိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

❖ အနောက်ဂန့်ဂေါကျေးရွာတွင်းလမ်း ခင်းခြင်း(၅၆၀၀'×၁၂' x ၉")

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား) • ၃၈၅၀၀၀(ငွေသား) • _____ (ပစ္စည်း/လုပ်အား	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၀၄	၉၇၂	၁၇၇၆	၁၅	၁၀၅	၁၃၀	၁၄၈	၃၉၈
အကျိုးခံစားမည့်သူ ဦးရေ	၈၀၄	၉၇၂	၁၇၇၆	၁၅	၁၀၅	၁၃၀	၁၄၈	၃၉၈
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- အနောက်ဂန့်ဂေါကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- အနောက်ဂန့်ဂေါကျေးရွာတွင်းလမ်းအား မြေနီခင်းခြင်းလုပ်ငန်းတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက်လိုအပ်မည့်ကုန်ကျစရိတ်များကိုလည်းကျေးရွာအတွင်းရှိလမ်းသူလမ်းသားများ လုပ်ငန်းရှင်များ ထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်					
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၀	၂၁	၅၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၈	၄၆	၉၄		၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၅	၅၃	၉၈	၁	
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၁၀	၇၁၈	၁၃၂၈		၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇၁	၁၃၄	၂၀၅	၁	
စုစုပေါင်း		၈၀၄	၉၇၂	၁၇၇၆	၂	၄
စုစုပေါင်း အိမ်ထောင်စု		၃၉၈				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက် ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

